ငါကိုယ်တော်သည် အသင်တို့အတွက် အစိုးရိမ်ဆုံးကိစ္စမှာရှိရ်က် အဆ်ွဂရ် (ရှိရ်က်အသေးစား) ပင်ဖြစ်သည်။

သာဝကကြီးများက အိုအလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်ရှိရ်က် အဆ်ွဂရ် ဆိုသည်မှာ အဘယ်နည်းဟု

လျှောက်ထားမေးမြန်းကြသည်။ ထိုအခါ ကိုယ်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)က မိန့်ကြားတော်မူသည်မှာပြစားမှု

မဟ်မူဒ်ဗင်န်လဗီဒ် (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏
ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစ္စလာမ်) မိန့်ကြားတော်မူသည်။
ငါကိုယ်တော်သည် အသင်တို့အတွက် အစိုးရိမ်ဆုံးကိစ္စမှာ ရှိရ်က် အဆ်ွဂရ် (ရှိရ်က်အသေးစား) ပင်ဖြစ်သည်။ သာဝကကြီးများက အိုအလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်
ရှိရ်က် အဆ်ွဂရ် ဆိုသည်မှာ အဘယ်နည်းဟု လျှောက်ထားမေးမြန်းကြသည်။ ထိုအခါ
ကိုယ်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)က မိန့်ကြားတော်မူသည်မှာ
ပြစားမှုဖြစ်သည်။ ကိယာမသ်နေ့၌ လူတို့သည် မိမိတို့၏
အမလ်ကျင့်ဆောင်မှုများနှင့်ပတ်သက်၍ အစားပေးခြင်းခံရသည့်အခါ
ကြီးကျယ်မြင့်မြတ်တော်မူသော အလ္လာဟ်အရှင်မြတ်က ရိယာအ်ပြစားသူတို့အား
မိန့်ကြားတော်မူမည်မှာ လောက၌ အသင်တို့ပြစားခဲ့သူများထံသို့ သွားကြပါ။
၎င်းတို့ထံတွင် ကောင်းကျိုးတစ်စုံတစ်ရာ တွေ့ရမည်လားဟု အသင်တို့ကြည့်ကြပါ။
[حسن] [رواه أحمد]

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က မိမိသည်မိမိအွမ္မသ်သားများနှင့်ပတ်သက်၍ အစိုးရိမ်ဆုံးကိစ္စမှာ လူတို့အားပြစား၍ကောင်းမှုပြုခြင်းဖြစ်သည့် ရှိရ်က်အသေးစားပင် ဖြစ်ကြောင်း မိန့်ကြားတော်မူခဲ့သည်။၎င်းနောက် ကိုယ်တော်က ကိယာမသ်နေ့တွင် ပြစားသူတို့၏ ပြစ်ဒဏ်အကြောင်းကို ဆက်လက်မိန့်ကြားတော်မူခဲ့သည်။ ၎င်းတို့အား ပြောကြားမည်မှာ သင်တို့ကောင်းမှုပြုကာပြစားခဲ့ကြသူများထံ သွားကြပါ။ ၎င်းတို့သည် ထိုကောင်းမှုနှင့် ပတ်သက်၍ အသင်တို့အားအကျိုးတစ်စုံတစ်ရာ ချီးမြှင့်နိုင်စွမ်းရှိကြသလားဆိုသည်ကို အသင်တို့ကြည့်ကြပါ။

http://www.sunnah.global/hadeeth/my/show/3381